ဓမ္မသံတော်ဆင့်စာပေ



# နိုင်ငံရေးသမားများ နှင့် နိုင်ငံရေးစကား

( နိုင်ငံရေးဆောင်းပါးများ - ၄ )

အုံ့ခေါင်မင်း

Design-Saint Saint Soe

# နိုင်ငံရေးသမားတို့ ၏ အပြောနှင့် အလုပ် ထပ်တူ ကျ၊ မကျ သက်သေ

ခေတ်အပြောင်း ခေတ်အလွဲမှာ နိုင်ငံရေးသမားဆိုတာ ဝေါဟာရက တွင် တွင် ကျယ်ကျယ် ဖြစ်လာသည် ။ ကျွန်ုပ်၏ ရည်မှန်းချက်ဟူသော စာစီစာကုံး ခေါင်းစဉ်များ တွင် နိုင်ငံရေးသမား ဖြစ်ချင်သည် ဟူ၍ ရေး လို့ ရသည် အထိ ဖြစ်လာသည် ။

နိုင်ငံရေးသမားနှင့် ပတ်သက်၍ နိုင်ငံတကာမှာ ပြက်လုံးပေါင်းများ စွာရှိသည် ။ အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်တတ်သော နိုင်ငံရေးသ မားများကြောင့် လူထုက သရော်ခဲ့ကြခြင်း ဖြစ်သည် ။

ယခု အံ့ခေါင်မင်း၏ စာအုပ်သည် ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် ကာလ၊ ရွေးကောက်ပွဲအပြီးကာလ၊ ကြားဖြတ်ရွေးကောက်ပွဲ အကြိုကာ လ၊ ကြားဖြတ်ရွေးကောက်ပွဲ အပြီးကာလ စသည့် ကာလ ၄ ပါး၌ နိုင်ငံ ရေးပါတီ အသီးသီးမှ နိုင်ငံရေးသမားများကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ် ရာ ၎င်းနိုင်ငံရေးသမားတို့ ၏ အပြောနှင့် အလုပ် ထပ်တူ ကျမကျ အပြောကရွှေမန်းကတော့ချိုမိုင်မိုင်ဖြစ်မဖြစ် သက်သေပြနေမည်ဖြစ်ပါ သည် ။

တစ်ခုပဲဆုတောင်းပါသည် ။ မြန်မာ့နိုင်ငံရေးသမားများ နှင့် ပတ်သ က်ပြီး သရော်ပြက်လုံးများ ပေါ်ထွက်မလာပါစေနဲ့ ဟူ၍ ....။

**ကိုဆွေဦး**

*

## မြန်မာသံတော်ဆင့်သတင်းဂျာနယ် အယ်ဒီတာချုပ် အမှာ စာ

ကိုအံ့ခေါင်မင်းက အမှာ စာ တောင်း၍ ရေးလိုက်ရသည် ။ အမှန်က စာပေနယ်ပယ်တွင် အထင်ရှားရှိနေဆဲ ရှိသေလေးစားထိုက်သည့် စာရေးဆရာကြီးများ ၊ သတင်းစာဆရာကြီးများကို မျက်နှာပူမိသည် ။ မိမိက အညတရအနေဖြင့် လုပ်ချင်သောအရာများကို ကြာမြင့်စွာ လုပ်ခွင့်ရပါမည်လားဆိုတာ စိတ်ကူးနေရဆဲကာလပင်ဖြစ်နေသည် ။မြန်မာနိုင်ငံတွင် သတင်းစာလောက၊ စာပေလောကတို့ ၌ လည်း မတရားမှုပေါင်းမြောက်မြားစွာရှိနေသည် ကို အမှန်က မဟုတ်မခံစိတ်ရှိကြသူ လူငယ်များ အနေဖြင့် ဥပေက္ခာပြုခြင်း တရားစိတ်နှလုံးမသွင်းနိုင်ကြ၍ ယနေ့အခါတွင် လှိုင်းတံပိုးများ သဖွယ် နောက်မှ လူငယ်တက်သစ်စ စာရေးဆရာ၊ သတင်းစာဆရာများ ပေါ်ထွန်းလာခြင်းသဘော။

ရှေးရိုးစွဲဝါဒီများ ဗျူရိုကရက်များ သည် နိုင်ငံရေးနယ်ပယ်တွင် သာမက စာရေးဆရာလောက အသင်းအဖွဲ့များ ၌ လည်း ရှိခဲ့ကြသည် ။ ဖျက်သိမ်းခဲ့သော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအသင်းကြီး၌ပင် လွန်ခဲ့သောအနှစ် ၂၀ အတွင်း နေရာယူလိုမှုများ နှင့် လူငယ်များကို နှိပ်ကွပ်တတ်သည့် ပုဂ္ဂိုလ်အချို့ နေရာရခဲ့ခြင်းက စာပေလောကအတွက် သမိုင်းအမည်းစက် ဖြစ်ခဲ့ဖူးသည် ။ အမုန်းမခံလိုကြသူများ နှင့် သည်းခံလိုက်လျောတတ်သော ထိုစဉ်က နိုင်ငံတော်တာဝန်ရှိသူပိုင်းတို့ ကြောင့် ပြဿနာတစ်စုံတစ်ရာကြီးငယ်မရှိခဲ့ကြ။ တချို့သော မဖုံးနိုင်၊ မဖိနိုင်သည့် ကိစ္စရပ်မှ လွဲ၍ သာ။ လူကြီးပိုင်းက စေတနာမှန်ဖြင့် ဖွင့်လှစ်ပေးခဲ့

သော စာနယ်ဇင်းသင်တန်းသည် ကိုပင် ဆရာမွေး၊ တပည့်မွေးရာအဖြစ်အသုံးချလိုသူတစ်စုရှိခဲ့သည် ။ မည်သို့ပင်ဆိုစေကာမူ ယခုနိုင်ငံရေးအင်တာဗျူးစာအုပ်ကို ဖြစ်ပေါ်စေတဲ့ သူ ကိုအံ့ခေါင်မင်းတို့ ကဲ့သို့သော သတင်းစာလောက နောက်တက်လူငယ်များ စွာကို မြင်ခွင့်ရခဲ့ပြီ။

အမှန်တကယ် ကျေးဇူးတင်ရမည်မှာ ယနေ့အစိုးရ၏ ပေါ်လစီပင်ဖြစ်သည် ။နိုင်ငံသားတိုင်း အခွင့်အရေးရှိသည် ဟူ၍ ကျုံးအော်နေမည့် အစား နှစ်ပေါင်း ၅၀ နီးပါး လွတ်လပ်စွာ ရေးသားခွင့် ဆိတ်သုဉ်းနေခဲ့သည် ကို လွတ်လပ်ခွင့်နီးပါး ရေးသားခွင့်ပြုခဲ့နေခဲ့သည် ကို သိသင့် လက်ခံသင့်ကြသည် ။ တော်ရုံတန်ကာ အရေးသားများကို မသိချင်ယောင်ဆောင်ပေးခဲ့သည် ။ မိမိတို့ ခေတ်တွင် လူငယ်များကို အစိုးရက မြေတောင်မြှောက်ပေးနေခြင်းဟု ခံယူသည် ။ သို့သော် တစ်ခါတစ်ရံ အစိုးရလူကြီးမင်းများ မသိအောင် အောက်ခြေကလုပ်ညှိမှုပတ်မှုများကိုတော့ လူကြီးပိုင်းက သိအောင် ကြိုးပမ်းအားထုတ်ရေးသား ဖော်ပြရသည် မှာ လည်း သတင်းသမားတို့ တာဝန်တစ်ရပ်ပင်။ ဤသို့ဖြင့်ပင် ယခုစာအုပ်ကဲ့သို့ နိုင်ငံရေးအင်တာဗျူးများ သည် ပြောသူများ ၏ စိတ်ရင်း၊ သဘာဝများကို ပေါ်လွင်စေလျက် စာဖတ်သူအကြိုက် တွေ့စေသလိုပင် နိုင်ငံရေးအတွက်လည်း အစိုးရတာဝန်ရှိသူတို့ အတွက် အကြံဉာဏ်ကောင်းများ ၊ သတင်းအချက်အလက်ကောင်းများကို တစ်စုတစ်စည်းတည်းပေးလိုက် သကဲ့သို့ပင် ဖြစ်ပါသည် ။

စာအုပ်အမှာ စာအနေဖြင့် စာရေးသူတော်ကြောင်း၊ ရေးသားကောင်းကြောင်းများကို ချေးကွက်ရှာပေးသူသဖွယ် မရေးလိုပါ ။ သို့သော် စာရေးသူ၏ ဘဝတစ်ဆစ်ချိုး ရုန်းကန်ခဲ့ရပုံကို ကာယကံရှင်က ဖွင့်ပြောမည်မထင်၍ သိသလောက် မျှဝေချင်ပါသည် ။ ကိုအံ့ခေါင်မင်းကို သိကျွမ်းရပုံမှာ ၎င်း၏ သတင်းသမားဘဝကို ကိုယ်တွေ့ကြုံဆုံခဲ့ရ

၍ ပိုရင်းနှီးမိသည် ။ ကိုအံ့ခေါင်မင်း ဖြတ်သန်းရပုံမှာ လွန်စွာ ကြမ်းတမ်းလှသည် ။ သတင်းသမားပီပီ ဟိုစပ်စပ်ဒီစပ်စပ်သိ၊ ရင်းနှီးတတ်၊ မေးမြန်းတတ်ခြင်း၊ ရွေးကောက်ပွဲအသွင်ကူးပြောင်းကာလအတွင်း ဒီမိုကရက်တစ်အုပ်စုများ နှင့် ရင်းနှီး၍ အများ သိချင်သော သတင်းဦး၊ သတင်းထူးများ ယူဆောင်လာတတ်ခြင်းတို့ ကြောင့် အကျိုးရလဒ်ကောင်းအနေဖြင့်သူ၏ ခြေလှမ်းများကို ရိုက်ချိုး ဖျက်နင်းလိုသူတချို့ သူသွားရာလမ်းတွင် အလျှိုလျှိုပေါ်လာကြသည် ။ ပြင်ပအနှောင့်အယှက်မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက် လုပ်ငန်းများ အတွင်းမှာ ပင် မြင်လာရသည် ။ အားမနာလျှာမကျိုး မိမိဘဝမိမိ၏ ကိုယ်တိုင်ရောက်နေသည့် ဘဝအခြေအနေကို မမြင်နိုင်တော့ဘဲ “တောက်မည့် မီးခဲရဲရဲ”ကို မတောက်ပနိုင်ရန်သာ အားထုတ်တော့သည် ။ ဤသို့သောဖြစ်ရပ်များ သည် အနော်ရထာမင်းလက်ထက်က အုတ်နှစ်ချပ်လပ်၍ မင်းညီနောင်ကွပ်မျက်ရန်အတွက် အမိန့်တော်လိမ်ပြန်သည် ။ ပုဂ္ဂိုလ်လိုမျိုး၊ မိမိထက်သာ မနာလိုသူမျိုးပင်ဖြစ်သည် ။

မည်သို့ပင်ဖြစ်စေကာမူ သံဃ မဟာနာယကတို့ ၏ အကျိုးတော်ဆောင်ပင် မြန်မာပြည်အထက်ပိုင်း တောရွာမှ ဂျာနယ်တိုက်သို့ တကူတက ကြွရောက်အားပေးခြင်း၊ အဂ္ဂမဟာပဏ္ဍိတ အလိုတော်ပြည့် ဆရာတော်ကြီး၏ အားပေးမှုမေတ္တာဓာတ်၊ နိုင်ငံရေးပါတီထိပ်ပိုင်း ခေါင်းဆောင်များ ၊ အစိုးရတာဝန်ရှိသူများ ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် အဆင်ပြေစွာ ဆက်ဆံလျက်ရှိခြင်း၊ လက်ရှိ မိမိတာဝန်ခံအယ်ဒီတာ တာဝန်အလျောက် သတင်းအဖွဲ့များ ၏ လေးစားမှု ယုံကြည်မှုရခြင်းတို့သည် ရှေ့က ကိုအံ့ခေါင်မင်း ကျော်ဖြတ်ခဲ့ရသည့် ခယောင်းတောကြမ်းကို မေ့နိုင်လောက်ပေပြီ။ ၎င်း၏ စာဖတ်ပရိသတ်များ ၊ ၎င်း၏ သတင်းပရိသတ်များ နှင့် စာဖြင့် ဆက်သွယ်၍ များ ၊ ဖုန်းဖြင့်ဆက်သွယ်၍ များ

ဖြင့် မအားနိုင်အောင်ရှိနေသည် ကို မြင်နေရပါများ နေ၍ ပင် ၎င်း၏ သတင်းစာသမားတစ်ဦး၏ စိတ်ချမ်းသာပီတိများ သည် မိမိတို့ ထံသို့ အလိုလို ကူးစက်ခံစားရပေသည် ။

သတင်းစာလောကတွင် မတော့ ကိုယ်လျှောက်သည့် လမ်းဖြောင့်ဖြောင့်သာ ဆက်လျှောက်ရန်ရှိသည် ။ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးဆုံးမခဲ့သည် ထဲမှ "အနန္တဂိုဏ်းဝင်တို့ ၏ အပြစ်အနာအဆာများကို မိမိကမည်မျှပင် သိနေပါစေ မပြောမဆိုမိပါစေနှင့် " ဆိုသလိုပင်။ ယနေ့သတင်းစာလောက၌ မိမိထက်ဝါကြီးသူ သတင်းစာဆရာများ ၊ သတင်းစာကြီးများက ရေးသားဖော်ပြချက်များ သည် "သင်ခန်းစာ ကောင်းယူစရာ၊ အတုယူစရာ"များ သာဟု ခံယူချက်ထားသင့်ပေသည် ။ အဘယ်ကြောင့် ဆိုသော် ကိုယ်လျှောက်ရမည့် လမ်း၊ သွားရမည့် ခရီးကား စတင်ရုံပင်ရှိသေးသည် ။

ကျော်စွာဝင်း<br>အယ်ဒီတာချုပ်<br>မြန်မာသံတော်ဆင့်သတင်းဂျာနယ်

*

# ကိုယ်တိုင်ရေးအမှာစာ



နိုင်ငံရေးတွေ့ဆုံမေးမြန်းသူ (Political Interviewer) ဆိုတာ စဉ်းစားထောက်ရှု ဝေဖန် သုံးသပ် ဖော်ထုတ် တင်ပြခြင်း အလုပ်တွေ ကို လုပ်ရတဲ့သူပါ။

ဘုံဖေါ်ဝင်းမင်း

၂၁-၇-၂၀၁၂

ယုဇနနိုင်

*

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင်ကို ဒီဗိတ် ၁၀ ပါတီက
ပြုလုပ်သော ၂၀၁၂ ခုနှစ် ပြည်တော်စုဆွေးနွေးအခမ်းအနား၌ တွေ့ရစဉ်။



# မြန်မာသံတော်ဆင့် သတင်းဂျာနယ်တွင် ပါဝင်ခဲ့သော အင်တာဗျူးများ

"ပြောင်းလဲမှုဖြစ်စဉ်ထဲမှာ
ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့
ဘယ်လောက်အတိုင်းအတာအထိ
ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတဲ့ကိစ္စက
ကျွန်တော်တို့မှာ ဘယ်လိုကိစ္စရပ်တွေကို
ဆောင်ရွက်နိုင်တဲ့ အင်အားမျိုး စွမ်းရည်မျိုး ရှိသလဲဆိုတဲ့အချက်က
အရေးပါသလို ကျွန်တော်တို့ကို ဘယ်လောက် ယုံယုံကြည်ကြည်နဲ့
ပွင့်ပွင့်လင်းလင်း ပါဝင်ခွင့်ပေးမှာလဲဆိုတဲ့အချက်ကလည်း
အရေးပါတယ်..."

**၈၈ မျိုးဆက် ကျောင်းသားများ အဖွဲ့ခေါင်းဆောင် ကိုလှမျိုးနောင်နှင့် စကားပြောခြင်း**

လေအေးပေးစက်ဖွင့်ပြီး အလုံပိတ်ထားသည့် အခန်းလေးထဲတွင် လွင့်ပျံ့အုပ်ဆိုင်းနေသော စကားသံများ ရက်ဖောက်သီဝေ့နေသည့် အခန်းလေးက အလုံပိတ်ထားသော်လည်း စကားသံတွေကို သိုဝှက်ထားခြင်းက မစွမ်းသာ။ အခန်းထဲမှ တဆင့် အခန်းပြင်၊ ပြီးတော့ လမ်းပေါ်၊ ရပ်ကွက်ပေါ်၊ မြို့ပေါ်၊ ထိုမှ ထိုမှ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးက လူတွေ၏ အသိအာရုံတွေထဲ ထိုးဖောက်ကူးလူးနေသည် ။ ဟုတ်သ

ည် ။ ဒီစကားသံတွေ တစ်လုံးချင်း၊ တစ်စုချင်း တလွင့်လွင့်ထွက်ပေါ်နေသည် က ၈၈မျိုးဆက် ကျောင်းသားများ အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုလှမျိုးနောင်၏ နှုတ်ဖျားမှ ။ နှုတ်ဖျားမှ နှုတ်ဖျားမှ ။ မပြည့်စုံသေးဘူး ထင်သည် ။ အသွေးအသားထဲမှ ။ ဒီလိုဆိုတော့ ဒီစကားသံများကို အက္ခရာအဖြစ်ပြောင်း စာမျက်နှာထက် ထုဆစ်လိုက်လျှင် မြန်မာနိုင်ငံရေးအတွက် အကျိုးရလဒ်တစ်စုံတစ်ရာ ထွက်လာနိုင်ကောင်းရဲ့ ထင်။ ပြည်သူလူထု ဖတ်စေချင်၊ သိစေချင်ပါဘိ။ ယခုသည် ကိုလှမျိုးနောင်နှင့် အမေးအဖြေစကားပြောကြည့်ခြင်းပင်။ မိမိနှင့် မဟုတ်။ မိမိသည် ပြည်သူ့ကိုယ်စား။ ပြည်သူနှင့် ကိုလှမျိုးနောင် စကားပြောခြင်းပင်။

မေး။ ၈၈မျိုးဆက် ကျောင်းသားများ အနေနဲ့ လက်ရှိနိုင်ငံရေးအခြေအနေမှာ ဘယ်လောက် အတိုင်းအတာအထိ ပါဝင်ဆောင်ရွက်နိုင်မလဲ။

ဖြေ။ ဒီကိစ္စနဲ့ ပတ်သက်ရင် လက်ရှိနိုင်ငံရေး အခြေအနေဆိုတဲ့ ကိစ္စကို အရင်ဆုံးပြောပြချင်တယ်။ လက်ရှိနိုင်ငံရေးအခြေအနေကတော့ လွှတ်တော်ရှိတယ်။ အစိုးရအဖွဲ့ရှိတယ်။ နိုင်ငံရေးပါတီတွေရှိတယ်။ ဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နေတယ် ။ နိုင်ငံရေးဘက်ပိုင်းမှာ ရော၊ တခြားအပိုင်းတွေရော အကောင်အထည်ဖော်နေတာတွေ့တယ်။ လက်ရှိအစိုးရ ခေါင်းဆောင်တွေရဲ့ ပြုပြင်ပြောင်းလဲရေးပေ့ါ။ အခုဆိုရင် တစ်ချိန်က အဓိက အတိုက်အခံပါတီဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒီဖြစ်စဉ်ထဲမှဝင်ပါဖို့ တွေ့ဆုံညှိနှိုင်းမှုတွေလုပ်ပြီး ပါတီပြန်ထောင်၊ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲကို သွားမယ်။ ဒီတော့ အာဏာရပါတီ ဦးဆောင်ပြီးဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ တခြားတိုင်းရင်းသားပါတီတွေ၊ အရပ်သားပါတီတွေ၊ ၉၀ ခုနှစ် အနိုင်ရပါတီတွေကလည်း အဲဒီမှာ ပါဝင်ဖို့ ဦးတည်နေတယ်။ ဒါက လက်ရှိနိုင်ငံရေးအခြေအနေ။ အ

လားတူပဲ တစ်ဖက်မှာ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ လည်း ဆွေးနွေးရတယ်။ သူတို့ ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆို တဲ့ ဟာမှာ အပစ်အခတ်ရပ်စဲရေး ပြီးပြီဆိုရင် ဒေသဖွံ့ဖြိုးရေး ကိစ္စတွေ ကို ဆောင်ရွက်မယ်။ နောက်ဆုံး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဆက်ဆောင်ရွက်မယ်။ ဒါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က သမ္မတကြီး ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့က ချထားတာ။ အဲဒီအပေါ်မှာ ပဲ အဲဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစ ည်းတွေ ဆွေးနွေးနေတာ အားလုံးမြင်တွေ့နေရတယ်။ အလားအလာ ကောင်းတွေလည်း ရှိတယ်။ အဲဒီကျတော့ လက်ရှိနိုင်ငံရေးအခြေအနေ က အပြောင်းအလဲတွေကို တွေ့နေရတယ်။ အဲဒီပြောင်းလဲမှု ဖြစ်စဉ်ထဲ မှာ ကျွန်တော်တို့ ၈၈မျိုးဆက်ကျောင်းသားတွေအနေနဲ့ ဘယ်လောက်အ တိုင်းအတာအထိ ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတဲ့ ကိစ္စ ကျွန်တော်တို့ မှ ဘယ်လိုကိစ္စရပ်တွေကိုဆောင်ရွက်နိုင်တဲ့ အင်အားမျိုး၊ စွမ်းရည်မျိုးရှိသ လဲဆိုတဲ့ အချက်က အရေးပါသလို ကျွန်တော်တို့ ကို ဘယ်လောက်ယုံယုံ ကြည်ကြည်နဲ့ ပူးပေါင်းပါဝင်ခွင့် ပေးမှာ လည်း ဆိုတဲ့ အချက်ကလည်း အရေးပါတယ်။ ဘယ်လောက်ထိ ပူးပေါင်းဆောင်ရွက်ခွင့်ပေးမှာ လဲဆို တဲ့ အချက်က အစိုးရဘက်က သဘောထားကိုလည်း ပြောနေတာ မဟု တ်ဘူး ။ နိုင်ငံရေးပါတီကြီးတွေအနေနဲ့ ကရော ကျွန်တော်တို့ နဲ့ ပတ်သ က်ပြီးတော့ ဘယ်လောက်အထိ အပြုသဘောဆောင်တဲ့ သဘောထားရှိ သလဲဆိုတာမှာ အရေးကြီးတယ်။ နောက်တစ်ပိုင်းကတော့ ကျွန်တော် တို့ မှာ ရော ဘယ်လိုဟာမျိုးတွေကိုဆောင်ရွက်နိုင်မယ့် စွမ်းရည်မျိုး တ ည်ဆောက်ပြီးပြီလားဆိုတဲ့ ကိစ္စ အရေးကြီးတယ်။ အဲဒီကျတော့ ကျွန် တော်က ပထမဦးဆုံး လက်ရှိနိုင်ငံရေးအခြေအနေမှာ ဘယ်လောက် ဆောင်ရွက်နိုင်မလဲဆိုတဲ့ ကိစ္စမှာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွ

က်ချင်တယ်။ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်ချင်တယ်ဆိုရင် ကျွန်တော်တို့ မှာ အဲဒီထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ့် အရည်အသွေးမျိုး၊ အင်အားမျိုး တည်ဆောက်ဖို့ လိုတယ်။ ဘယ်လို ဘယ်လောက်ထိ ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတာက အဲဒီကျွန်တော်တို့ ကို ကျွန်တော်တို့ တစ်စုတစ်စည်းတည်း ညီညီညွတ်ညွတ်ရပ်တည်နိုင်အောင် စုစည်းနိုင်တဲ့ ဒီအချက်၊ တခြား တခြားသော နိုင်ငံရေး ပါတီကြီးတွေနဲ့ တပ်မတော်နဲ့ ၊ အစိုးရအဖွဲ့နဲ့ ကရော ကျွန်တော်တို့ ကို ဘယ်လောက် ပူးပေါင်းဆောင်ရွက်ခွင့်ပြုမလဲ။ ကျွန်တော်တို့ ကို ဘယ်လောက် တံခါးကျယ်ကျယ် ဖွင့်ပေးမလဲဆိုတဲ့ အပေါ်မှာ လည်း မူတည်တယ်။ အဲဒီကိစ္စတွေပေါ်မှာ အားလုံးအလေးထားပြီး စဉ်းစားကြစေချင်တယ်လို့ ကျွန်တော် ပြောချင်တယ်။

မေး ။ ၈၈မျိုးဆက် ကျောင်းသားအဖွဲ့ဟာ ဘာကြောင့် ပါတီတစ်ရပ်တည်ထောင်မှု မပြုတာပါလဲ။ အစ်ကိုတို့ အပြင်မရောက်ခင်က ၈၈မျိုးဆက်ကျောင်းသားတွေ လွတ်လာရင် ပါတီတစ်ရပ် တည်ထောင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်သွားမယ်လို့ သိထားတယ်။

ဖြေ ။ ကျွန်တော်တို့ ၈၈ကျောင်းသားတွေအနေနဲ့ ပါတီတစ်ရပ် မတည်ထောင်ဘူးလို့ ဘယ်တုန်းကမှ မပြောဖူးသေးပါဘူး။ လောလောဆယ်ပါတီထူထောင်ဖို့ အလောသုံးဆယ် မဆုံးဖြတ်သေးတာပဲ ရှိပါတယ်။ ၈၈မျိုးဆက်ကျောင်းသားတွေအနေနဲ့ ဆိုတဲ့ ဟာမှာ အခုနောက်ဆုံးအသုတ်ထောင်ကလွတ်လာတဲ့ ကျွန်တော်တို့ ရှိမယ်။ ကျွန်တော်တို့ မလွတ်ခင်အပြင်မှာ လှုပ်ရှားနေတဲ့ ၈၈မျိုးဆက်တွေရှိတယ်။ အလားတူပဲ ပြည်ပမှာ ရောက်နေတဲ့ ၈၈မျိုးဆက်တွေ အများကြီးရှိမယ်။ ရှေ့ဆက်သွားနိုင်မယ့် နိုင်ငံရေးလမ်းကြောင်းမှာ ပုံသဏ္ဌာန်နှစ်မျိုးပေါ့။ လူမှုအခြေပြု NGOလို လှုပ်ရှားမှုတွေရှိမယ်။ တရားဝင်ပါတီတစ်ခုထူ

ထောင်ပြီးတော့ ရပ်တည်ဆောင်ရွက်သွားမယ့် ပုံသဏ္ဍာန်တစ်ခုရှိမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်ပိုင်းလုံးက လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့လည်း သိတယ်။ ခင်ဗျားတို့ လည်း သိလိမ့်မယ်။ ပြည်သူတွေလည်း သိတယ်။ ကျွန်တော်တို့ မျိုးဆက်အတွက် အဲသလို လမ်းကြောင်းနှစ်သွယ် ရှိနေတာ ပြဿနာ မဟုတ်ဘူး ။ အဲဒီလမ်းကြောင်းနှစ်သွယ် ပုံစံနှစ်မျိုးစလ ုံးမ ၂၁ ရာစုနှစ်ကနေစပြီး ဒီနေ့အချိန်အထိ နိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာ ပါဝင်ခဲ့ကြတဲ့ မျိုးဆက်ကြီးတစ်ရပ်လုံး ကိုယ်စားပြုပါဝင်နိုင်ဖို့ က အရေးကြီးတယ်။ ပုံသဏ္ဍာန်နှစ်မျိုးဖြစ်နေတာက ပြဿနာ မဟုတ်ဘူး ။ အဲဒီ ပုံသဏ္ဍာန်နှစ်မျိုးစလုံးမှာ မျိုးဆက်တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ပါဝင်ဖို့က အဓိကအချက်ဖြစ်တယ်။ ဒီတော့ မည်သည့် ပုံစံကို ရွေးချယ်မည်ဖြစ်စေ၊ တစ်ခုတည်းကိုပဲ ရွေးရွေး၊ နှစ်ခုစလုံးကိုပဲရွေးရွေး၊ ဘယ်လိုပုံသဏ္ဍာန်ကိုရွေးရွေး၊ တကယ်အရေးကြီးတဲ့ အချက်က ကျွန်တော်တို့ မျိုးဆက် တစ်ရပ်လုံးကို ကိုယ်စားပြုဖို့ အရေးကြီးတယ်။ ဒီမျိုးဆက် တစ်ရပ်လုံးထဲမှာ လည်း လူမှုအခြေပြုအဖွဲ့အစည်းအနေနဲ့ နိုင်ငံရေးပါတီမဟုတ်တဲ့ ပုံစံမျိုးနဲ့ ဆက်ပြီး လုပ်ရှားဆောင်ရွက်ချင်တဲ့ လူတွေလည်း ရှိတယ်။ အလားတူပဲ နိုင်ငံရေးပါတီတစ်ရပ် ထူထောင်ပြီးတော့မှ ဆက်ပြီး လှုပ်ရှားသွားဖို့ လိုအပ်တယ်လို့ ယူဆတဲ့ လူတွေလည်း ရှိတယ်။ လောလောဆယ် ကျွန်တော်တို့ စဉ်းစားနေတာ အဲဒီပုံသဏ္ဍာန်နှစ်မျိုးလုံးမှာ အကုန်လုံး မျိုးဆက်တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ဖို့ ကျွန်တော်တို့ စဉ်းစားနေတာ။ ဘာဖြစ်လို့ လဲဆိုတော့ လက်ရှိနိုင်ငံရေး အခြေအကျင်းမှာ နိုင်ငံရေးပါတီတွေအနေနဲ့ ဆိုရင် လက်ရှိအနိုင်ရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တစ်ချိန်က အာဏာရတိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မဟာ

မိတ်(၁၀)ပါတီလိုမျိုး တခြားသော တိုင်းရင်းသား နိုင်ငံရေးပါတီတွေ အဲ သလိုတွေရှိတယ်။ နောက်တစ်ခါ နိုင်ငံရေးအာဏာကို တကယ်ကိုင်တွ ယ်ကျင့်သုံးနေကြတဲ့ အစိုးရအဖွဲ့ရှိတယ်။ တပ်မတော်ရှိတယ်။ ငြိမ်းချမ်း ရေး မရယူနိုင်သေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရှိ တယ်။ အဲဒီအင်အားစုတွေကို ကျွန်တော်တို့ က တစ်ဖက်ဖက်ကနေ ရပ် ဖို့ ဆိုတာမျိုးထက်၊ အုပ်စုတစ်စုစုဘက်က ရပ်ဖို့ ဆိုတာမျိုးထက် ကျွန် တော်တို့ တိုင်းပြည် လမ်းကြောင်းမှန်ပေါ်ရောက်သွားဖို့ ၊ ကျွန်တော်တို့ ပြည်သူလူထု အကျိုးရှိဖို့ အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပူးပေါင်း အကောင်အထည်ဖော်နိုင်ဖို့ အင်အားစုတွေ တည်ထောင်နိုင်ဖို့ ၊ ပြီးတော့ အဲဒီဖြစ်စဉ်တွေကို တစ်ပေါင်းတစ်စည်းတည်း ပါဝင်နိုင်ဖို့ ၊ ပြီးတော့ တစ်ဖက်ဖက်က အုပ်စုတစ်စု၊ အင်အားတစ်စုဘက်ကရပ်ဖို့ မ ဟုတ်ဘူး ဆိုတဲ့ အပေါ် နည်းနည်းထပ်ပြီးရှင်းချင်တယ်။ ကျွန်တော်တစ် ယောက်တည်းအနေနဲ့ တခြားလူတွေနဲ့ လည်း တိုက်ဆိုင်ကောင်း တိုက် ဆိုင်လိမ့်မယ်။ ကွဲပြားမှုတွေလည်း ရှိချင်ရှိမယ်။ လောလောဆယ်မှာ အ ရေးကြီးဆုံးလို့ ကျွန်တော်အာရုံစူးစိုက်ထားတဲ့ ကိစ္စက ကျွန်တော်တို့ မျိုး ဆက်တွေအနေနဲ့ သွေးစည်းရေးအတွက် တိုင်းပြည်ရဲ့ အနာဂတ်အတွ က် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ဖို့ ဆိုရင် ကျွန်တော်တို့ တစ်စုတစ် စည်းတည်း ညီညီညွတ်ညွတ် ရပ်နိုင်ဖို့ လိုတယ်။ ပြည်တွင်းပြည်ပရှိရှိသ မျှ ကျွန်တော်တို့ မျိုးဆက်တွေအကုန်လုံး တစ်ပေါင်းတစ်စည်းတည်း ရ ပ်နိုင်ဖို့ လိုတယ်။ အခုအချိန်မှာ အဲဒီအခွင့်အလမ်းကြီး ရှိနေတယ်ဆိုတာ ပြည်သူတွေလည်း မြင်ပါတယ်။ ခင်ဗျားတို့ လည်း မြင်ပါတယ်။ ကျွန် တော်တို့ လည်း မြင်ထားတယ်။ အဲဒီအခွင့်အလမ်းကို အရအမိဆုပ်ကိုင် နိုင်ဖို့ က ကျွန်တော်တို့ မျိုးဆက်အတွက် အခုအချိန်မှာ အရေးအပါဆုံး ကိစ္စရပ်ပဲ။ အဲဒီလိုဆိုတော့ ဒီတိုင်းပြည်မှာ ရှိနေပြီးသားဖြစ်တဲ့ စောစော

က ကျွန်တော် ပြောခဲ့တဲ့ နိုင်ငံရေးအုပ်စု၊ အင်အားစုတွေ အနေနဲ့ ကျွန်တော်တို့ မျိုးဆက် တစ်စုတစ်စည်းတည်း ညီညီညွတ်ညွတ်နဲ့ အင်အားစု တစ်စုပေါ်ပေါက်လာမှာ ကို ဘယ်လောက်လိုလားမှုရှိတယ်၊ မရှိဘူးဆိုတာလည်း ကျွန်တော်တို့ အပေါ်မှာ အနည်းနဲ့ အများ သက်ရောက်မှုရှိပါတယ်။ မျိုးဆက် တစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အင်အားစုကြီးတစ်စုအဖြစ် စုစုစည်းစည်း ကျွန်တော်တို့ ရပ်တည်နိုင်ပြီဆိုရင် အရင့်အရင်ကာလတွေထက် ကျွန်တော်တို့ ပိုပြီး ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။

အခု နောက်ဆုံးအသုတ်
ထောင်က လွတ်လာတဲ့အုပ်စုတွေ
အပြင်မှာ ရှိနေပြီးသား
မြန်မာ့ကျဲနေတဲ့ ဂဂ မျိုးဆက်တွေ၊
ပြည်ပမှာ ရောက်နေတဲ့
ဂဂ မျိုးဆက်တွေ ကျွန်တော်တို့ကြားထဲမှာ
NLD မှာပဲ ပူးပေါင်းဆောင်ရွက်မှာလား
NLD မှာ ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတဲ့
အသံမျိုး မေးလာ၊ ပြောလာရင်
အဲဒါ ကျွန်တော်တို့ရဲ့
ညီညွတ်ရေးအလား အလာပေါ်မှာ
ပြဿနာချပေးတာလို့ ကျွန်တော်မြင်တယ်. . . .

မေး။ ၈၈မျိုးဆက်ကျောင်းသားတွေ NLD မှာ ပဲပါဝင်ဆောင်ရွက်ဖို့ ဆိုတဲ့ အသံတွေ ထွက်နေတဲ့ ကိစ္စကရော။

ဖြေ။ အခု ကျွန်တော် ထောင်က လွတ် လာပြီး ရက်ပေါင်း ၃၀လောက် အတွင်းမှာ ပါတီတစ်ရပ် ထူထောင်မှာ လား။ NLD မှာ ပဲ ပူးပေါင်းမှာ လားဆိုတဲ့ မေးခွန်းတွေ အသံတွေကြားတယ်။ ပါတီတစ်ရပ် ထူထောင်မှာ လားဆိုတဲ့ မေးခွန်းကတော့ အပြုသဘောဆောင်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ပဲ ပူးပေါင်းပါဝင်လှုပ်ရှားသွားမှာ လားဆိုတဲ့ မေးခွန်းကတော့ အပြုသဘောသက်သက် ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်တို့ အချင်းချင်းကြားထဲမှာ ကျွန်တော်တို့ အချင်းချင်းဆိုတာ ဘယ်သူတွေကို ရည်ညွှန်းတာလဲဆိုတော့ အခုနောက်ဆုံးအသုတ် ထောင်ကလွတ်လာတဲ့ အုပ်စုတွေ၊ အပြင်မှာ ရှိနေပြီးသား ပြန့်ကျဲနေတဲ့ ၈၈မျိုးဆက်တွေ၊ ပြည်ပမှာ ရောက်နေတဲ့ ၈၈မျိုးဆက်တွေ ကျွန်တော်တို့ ကြားထဲမှာ NLD မှာ ပဲ ပူးပေါင်းဆောင်ရွက်မှာ လား။ NLD မှာ ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတဲ့ အသံမျိုးမေးလာ၊ ပြောလာရင် အဲဒါ ကျွန်တော်တို့ ရဲ့ ညီညွတ်ရေးအလားအလာပေါ်မှာ ပြဿနာချပေးတာလို့ ကျွန်တော်မြင်တယ်။ NLD မှာ ပူးပေါင်းဆောင်ရွက်ပါလား။ NLD ကိုဝင်သင့်တယ် စတဲ့ ဟာတွေက စောစောက ကျွန်တော်ပြောခဲ့တဲ့ ကျွန်တော်တို့ မျိုးဆက်တစ်ရပ်လုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အင်အားစုအဖြစ် ပေါ်ထွန်းလာမယ့်အရေးကို ဟန့်တားနှောင့်ယှက်ချင်လို့ ပြဿနာအဖြစ် ကျွန်တော်တို့ကို ချစဉ်းစားခိုင်းတာ။ ကျွန်တော်တို့ မစဉ်းစားဘူး။ ဘာဖြစ်လို့ မစဉ်းစားတာလဲဆိုတော့ လွတ်လပ်ရေး ရပြီးကတည်းက ကျွန်တော်တို့ တိုင်းပြည်က ပဋိပက္ခပေါင်းစုံနဲ့ မငြိမ်းချမ်းဘူး။ ရှိခဲ့ပြီး၊ ဖြစ်ပြီးသား ပြ

သနော ပဋိပက္ခတွေထဲမှာ ကျွန်တော်တို့ က တစ်ဖက်ဖက်က ဝင်ရပ်ဖို့ ဆန္ဒမရှိဘူး။ တစ်ဖက်ဖက်ကဆိုတာက အုပ်စုတစ်ဖက်က ဝင်ရပ်ဖို့ ဆန္ဒမရှိဘူး။ကျွန်တော်တို့ မှာ ရှိနေတဲ့ ဆန္ဒက ဒီနေ့ ကျွန်တော်တို့ မျိုးဆက်ရဲ့ ပခုံးပေါ်ကို ကျရောက် လာပြီလို့ ကျွန်တော်တို့ ယူဆထားတဲ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပြဿနာတွေကို ကျွန်တော်တို့ ကိုယ့်အင်အား ကိုယ်တည်ဆောက်ပြီး ဖြေရှင်းချင်တယ်။ ဆိုလိုတဲ့ သဘောက ပြဿနာတွေကို အမွေဆက်ခံတာ မဖြစ်ချင်ဘူး။ အလားတူပဲ ပြဿနာတွေကို အမွေဆက်မပေးချင်တော့ဘူး။ ကျွန်တော်တို့ ရဲ့ ခေတ်မှာ အဲဒီပြဿနာတွေ အကုန်လုံးကို ဆုံးခန်းတိုင် ပြေလည်မှုရအောင် ဖြေရှင်းသွားနိုင်ဖို့ ကြိုးစားသွားချင်တယ်။ သမိုင်းမှာ ဘယ်သူမှားခဲ့တယ်၊ ဘယ်သူမှန်ခဲ့တယ် ဆိုတာထက် အနာဂတ်မှာ အတိတ်ကပြဿနာတွေ၊ ရန်ငြိုးတွေ၊ အာဃာတတွေ ဆက်ပါမလာအောင် ပိုပြီးတော့ အာရုံစိုက်ချင်တယ်။ အဲဒါကြောင့် မို့လို့ လည်း ကျွန်တော်တို့ မျိုးဆက်တွေအနေနဲ့ တစ်စုတစ်စည်းတည်း ညီညီညွတ်ညွတ်နဲ့ နိုင်ငံရေးအင်အားစုသစ်တစ်ခု အဖြစ်သွားဖို့ သိပ်အရေးပါတယ်ဆိုတာကို ကျွန်တော်တောက်လျှောက်ပြောနေတာ ။ စောစောက မေးခွန်းမှာ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ လွတ်လာရင် ပါတီတစ်ရပ်တည်ထောင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်မယ်လို့ သိထားတယ်လို့ ပြောခဲ့တယ်။ ဟုတ်ပါတယ်။ အလားတူ ပါတီတစ်ရပ် တည်ထောင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ လိုအပ်သလို လူမှုအခြေပြုအရပ်ဘက် လူ့အဖွဲ့အစည်းတွေအနေနဲ့ ပါတီမဟုတ်တဲ့ ပုံစံနဲ့ ဘာတွေဆက် လုပ်သွားနိုင်မလဲ။ ဘယ်လို ဆက် လုပ်သွားမလဲဆိုတာကလည်း ဆွေးနွေးညှိနှိုင်းဖို့ လိုတဲ့ ကိစ္စပါ။ ခုနကျွန်တော်ပြောခဲ့တဲ့ အတိုင်းပဲ လမ်းကြောင်းနှစ်သွယ်ရှိနေတာ ပြဿနာမဟုတ်ပါဘူး။ အဲဒီလမ်းကြောင်းနှစ်သွယ်လုံးမှာ ရပ်တည်လှုပ်ရှားကြမယ့်သူတွေသည် မျိုးဆက်သစ်တ

စ်ရပ်လုံးကို ကိုယ်စားပြုနိုင်ဖို့ အဓိကပါပဲ။ မြန်မာပြည်မှာ ရှိတဲ့ ထောင် အသီးသီးကနေ ကျွန်တော်တို့ တစ်ထောင်ကို တစ်ယောက်၊ တစ်ထောင် ကို တစ်ယောက်ရောက်နေကြတယ်။ အဲဒီကနေ ကျွန်တော်တို့ လွတ်လာ ကြပေမယ့် လွတ်လာတဲ့ အခါ ကျွန်တော်တို့ ပြောတဲ့ စကားတွေမှာ တစ် ယောက်တစ်မျိုး ပြောနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်သံတည်း ပါ။ ဒါပေမဲ့ ကျွန်တော်တို့ ရဲ့ အသံတစ်သံတည်းနဲ့ တော့ မလုံလောက် ဘူး။ အပြင်မှာ ရှိနေတဲ့ ၈၈မျိုးဆက်အားလုံးတို့ ရဲ့ အသံ၊ ပြည်ပမှာ ရော က်နေတဲ့ ၈၈မျိုးဆက်တွေရဲ့ အသံတွေလည်း လိုအပ်ပါတယ်။ နောက် ဘာလိုအပ်သေးလဲဆိုတော့ အဲဒီအသံသုံးခုပေါင်းလိုက်ရင် တစ်သံတည်း တစ်ထပ်ဖြစ်ဖို့ လိုအပ်ပါသေးတယ်။ ပါတီတစ်ရပ် ထော င်သွားဖို့ ကိစ္စကိုရော၊ ပါတီနိုင်ငံရေးပုံစံ မဟုတ်တဲ့ အခြားသောလမ်းကြောင်းနဲ့ ပတ်သက်လို့ ရော နှစ်မျိုးစလုံးကို ကျွန် တော်တို့ အလေးထားပြီး စဉ်းစားသွားမှာ ပါ။

မေး။ ၈၈မျိုးဆက်ကျောင်းသားတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုဟာ အရင် တုန်းကနဲ့ စာရင် အားပျော့နေတယ်နော်။ ဘာဖြစ်လို့ လဲ။

ဖြေ။ ကျွန်တော်တို့ ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဟာ အရင်အနေအ ထားတွေထက် အားပျော့နေတယ်လို့ မြင်နေကြတယ်ဆိုရင် အားပျော့ နေတာမဟုတ်ပါဘူး။ အားယူနေတာပါ။ ဘာဖြစ်လို့ လဲဆိုတော့ လက်ရှိ အခြေအနေက အရင်အခြေအနေ မဟုတ်ဘူး ။အဲဒီတော့ လက်ရှိအခြေ အနေ၊ လက်ရှိအနေအထားနဲ့ ကိုက်ညီမယ့် အင်အားမျိုး ကျွန်တော်တို့ တည်ဆောက်နေတယ်။

မေး။။ ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ အကျဉ်းကျခံနေ ရစဉ်မှာ အပြင်က ၈၈မျိုးဆက်ကျောင်းသားတွေရဲ့ လှုပ်ရှားမှုတွေကို ဘ

ယ်လိုမြင်သလဲ။

ဖြေ။ ။ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်နိုင်သလောက် လုပ်နေကြတယ်လို့ ပဲ မြင်ပါတယ်။

မေး။ ။ ၈၈မျိုးဆက် ကျောင်းသားတွေထဲက ပြစ်ဒဏ်ကြွေးကျန်သူတွေအတွက် အဲဒီအပြစ်ဒဏ်တွေကို တရားဝင် ပယ်ဖျက်စေဖို့ အတွက် ရော ဘာတွေ လုပ်သွားဖို့ ရှိလဲ။

ဖြေ။ ။ သမ္မတကြီးအနေနဲ့ လုပ်သင့်လုပ်ထိုက်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်ကိုင်ဆောင်ရွက်မယ်လို့ ယုံလည်း ယုံကြည်ထားပါတယ်။ အခုလောလောဆယ် ကျွန်တော်ကြားရသလောက်ဆိုရင် ပြောသွားတဲ့ အထဲမှာ အချို့ဥပဒေတွေကို ပြင်ဆင်ဖို့ (သို့) ဖျက်သိမ်းဖို့ သမ္မတကြီး စဉ်းစားနေတယ်လို့ သိရတယ်။ ဥပမာ- ကျွန်တော်တို့ ကို တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ အီလက်ထရွန်နစ်ပုဒ်မလိုဟာမျိုး။ ကျွန်တော်တို့ ရဲ့ အီးမေးအကောင့်ထဲမှာ ရှိနေတဲ့ စာရွက်တစ်ရွက်အတွက် ထောင်၁၅နှစ်နဲ့ စာရွက် လေးရွက်အတွက် နှစ်၆၀ ချထားတယ်။ အဲဒီ ပြစ်ဒဏ်စီရင်ချက်ကို ပယ်ဖျက်သိမ်းပေးဖို့ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေအပေါ်မှာ ရော ဘယ်လိုအမြင်ရှိလဲ။

ဖြေ။ ။ အန်တီ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်နေတယ်လို့ ပဲမြင်ပါတယ်။ လုပ်သင့်လုပ်ထိုက်တာတွေထဲကမှ ဥပမာပြောရရင် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အတွက် သူတို့ လုပ်နေတယ်။ မတူတာတွေခဏထားပြီး တူတာတွေ ပူးပေါင်းဆောင်ရွက်ဖို့ နှစ်ဖက်သဘောတူ ကြေညာထားတာတွေရှိတယ်။ နောက်တစ်ခုက ဘာလုပ်ဖို့ လိုအပ်နေတာလဲဆိုတော့ ကျွန်တော်တို့ မျိုးဆက်တွေ ကျွန်တော်တို့

ဘာသာ တစ်စုတစ်စည်းတည်း ညီညီညွတ်ညွတ် ရပ်တည်နိုင်ဖို့ စဉ်းစား သလိုမျိုးပဲ အန်တီ့အနေနဲ့ ကလည်း အခိုင်အမာ ပါတီတစ်ရပ် ပေါ်ထွက်လာဖို့ လုပ်ငန်းတွေလုပ်ဖို့ လိုအပ်တယ်လို့ ထင်တယ်။ ဘာဖြစ်လို့ လိုအပ်လဲဆိုတော့ ကျွန်တော်တို့ တိုင်းပြည်မှာ ၁၉၆၂ခုနှစ်ကစပြီး အရပ်သား နိုင်ငံရေးပါတီ ချုပ်ငြိမ်းသွားခဲ့တယ်။ အဲဒီကာလက စပြီးတော့ ၈၈ခုနှစ် အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတစ်ခုရှိတယ်။ အဲဒါက တပ်မတော်ကိုယ်စားပြု ထူထောင်ခဲ့တဲ့ ပါတီ။ အဲဒီကနေပြီးတော့ ၁၉၈၈ခုနှစ် အကုန်ပိုင်းမှာ နိုင်ငံရေးပါတီတွေ ဖွဲ့ပြီး ၉၀ရွေးကောက်ပွဲ ဝင်ပြိုင်ကြတယ်။ အဲဒီက နှစ်၂၀ကြာသွားတဲ့ ၂၀၁၀ခုနှစ် ရွေးကောက်ပွဲတွေ မကျင်းပခင် ပါတီတွေ မှတ်ပုံမတင်ကြခင် တကယ်အင်နဲ့ အားနဲ့ ရပ်တည်နေနိုင်တဲ့ ပါတီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အသွင်ပြောင်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တစ်ခုပဲရှိတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နှစ်၂၀အတွင်း ဖိနှိပ်မှုအခက်အခဲ အကျပ်အတည်း ပေါင်းစုံနဲ့ အင်အားကောင်းကောင်း မရပ်တည်နိုင်ခဲ့ဘူး။ ပြီးတော့ ဒီနေ့ လက်ရှိအနိုင်ရပါတီကို ကြည့်လိုက်တော့လည်း ၁၉၉၀ပြည့်လောက်ကစပြီး တည်ထောင်ခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပါတီအဖြစ် အသွင်ပြောင်းပြီး အနိုင်ရပါတီအနေနဲ့ ဖြစ်ခဲ့တယ်။ အဲဒါကလည်း ၆၂ခုနှစ်ကနေ အာဏာသိမ်းပြီး ၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အတူ ပေါ်ပေါက်လာတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ အလားတူပဲ။ တပ်မတော်ခေါင်းဆောင်တွေက တည်ထောင်ထားတဲ့ ပါတီ။ ကျွန်တော်ပြောချင်တာက ၆၂ခုနှစ် နောက်ပိုင်းမှာ တော့ တကယ့်အားကောင်းမောင်းသန် အရပ်သားပါတီတွေမရှိခဲ့ဘူး။ ရပ်တည်ခွင့် မရခဲ့ဘူး။ အခုလောလောဆယ်မှာ အန်တီဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်လှုပ်ရှားမှုတွေဟာ အဲဒီအရပ်သားပါတီတစ်ရပ်

အားကောင်းမောင်းသန် ပေါ်ထွက်လာဖို့ ဆိုတဲ့ သဘောပါနေတယ်။ အရပ်သားနိုင်ငံရေးပါတီတွေ မရှိဘူးဆိုရင် တပ်မတော်သားတွေ ထူထောင်တဲ့ ပါတီတွေပဲ နိုင်ငံရေး လုပ်ကြလိမ့်မယ်။ အဲဒီတော့ အရပ်သားနိုင်ငံရေးပါတီတွေ ရှိဖို့ လိုကိုလိုအပ်ပါတယ်။ ရှိရုံသက်သက်ကို ကျွန်တော်ပြောနေတာ မဟုတ်ဘူး ။ တကယ့် အားကောင်းမောင်းသန်နဲ့ နိုင်ငံတော် အာဏာကို ရယူပြီးတော့ တကယ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အရပ်သားနိုင်ငံရေးပါတီ လိုကိုလိုအပ်တယ်။ စစ်အာဏာရှင် စနစ်လို့ လူတွေခေါ်ဝေါ်သမုတ်နေကြတဲ့ တိုင်းပြည်တွေ အများကြီးရှိတယ်။ စစ်အာဏာရှင် စနစ်ဆိုတာဘာလဲ။ စစ်အာဏာရှင်စနစ်ဆိုတာ အရပ်သားတွေ နိုင်ငံရေးလုပ်ခွင့်မရဘဲ စစ်သားတွေပဲ နိုင်ငံရေးလုပ်တာ။ ပြီးတော့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးဆိုတာကလည်း အရပ်သားတွေသာပင်လျှင် နိုင်ငံရေးလုပ်ရမယ်၊ စစ်သားတွေ နိုင်ငံရေးမလုပ်နဲ့ ဆိုတဲ့ သဘောပါ။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်သားတွေရော အရပ်သားတွေပါ နိုင်ငံရေးကိုအတူတူလုပ်ကိုင်နိုင်တဲ့ အခြေအနေတစ်ရပ်ကို တပ်မတော်ခေါင်းဆောင်တွေဘက်က စဉ်းစားပြီးရေးဆွဲထားတာ။ အဲဒီအပေါ်မှာ နိုင်ငံရေးမှာ စစ်ဘက်က ကြီးစိုးလွှမ်းမိုးမှု တဖြည်းဖြည်းလျှော့ချသွားဖို့ အတွက် နှစ်ဖက်အပြန်အလှန်ယုံကြည်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေလိုတယ်။ တစ်လှမ်းချင်း တိုးသွားရမယ့်ကိစ္စ။ အန်တီ ဒေါ်အောင်ဆန်းစုကြည်က အဲဒီလမ်းကြောင်းပေါ်မှာ သွားနေတယ်လို့ မြင်တယ်။ ကျွန်တော်တို့ ကလည်း အဲဒီလမ်းကြောင်းပေါ်မှာ ပဲ ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ စဉ်းစားနေတာ။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက
စစ်သားတွေရော အရပ်သားတွေရော
နိုင်ငံရေးကို အတူတူလုပ်ကိုင်နိုင်တဲ့
အခြေအနေတစ်ရပ်ကို
တပ်မတော်ခေါင်းဆောင်တွေဘက်က
စဉ်းစားပြီး ရေးဆွဲထားတာ....

မေး။ ။ လက်ရှိအစိုးရရဲ့ ဆောင်ရွက်ချက်တွေပေါ်မှာ ရောဘယ်လို အမြင်ရှိလဲ။

ဖြေ။ ။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံရေးမျက်နှာစာမှာ ရော၊ စီးပွားရေးမျက်နှာစာမှာ ရော ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ အားလုံးမြင်နေကြတယ်။ သဘောတူပါတယ်။ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို သတိကြီးကြီးထားပြီးတော့ တစ်လှမ်းချင်းသွားနေတယ်လို့ မြင်ပါတယ်။သတိကြီးကြီးထားပြီးသွားနေတယ်လို့ ဆိုတဲ့ ဟာနဲ့ ပတ်သက်လို့ ဥပမာတစ်ခုပေးရမယ်ဆိုရင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီးတော့ တည်ငြိမ်မှုကို အခြေခံပြီး စဉ်းစားတဲ့ ဟာကို ကျွန်တော်တို့ တွေ့ရမယ်။ အဲဒါဟာ ပြုပြင်ပြောင်းလဲရေးကို သတိကြီးကြီးထားပြီးတော့ သွားနေတယ်ဆိုတဲ့ သက်သေပဲ။ ကျွန်တော်တို့ ပြောချင်တာ သတိတော့ကြီးကြီးထားပါ။ မစိုးရိမ်ပါနဲ့ ။ ပြုပြင်ပြောင်းလဲရေးခြေလှမ်းတွေကို ရဲရဲဝံ့ဝံ့ဆက်လှမ်းပါ။ ကျွန်တော်တို့ က အနှောင့်အယှက်တွေပေးသွားဖို့ စိတ်ထားမျိုး လုံးဝမရှိပါဘူး။ ဒီထက်ပိုပြီး မြန်ဆန်တဲ့ ၊ ထိရောက်တဲ့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုတွေကို အရှိန်အဟု

န်မြှင့်ပြီးတော့ ရဲရဲဝံ့ဝံ့ ဆက်သွားစေချင်တယ်။ ခြေလှမ်းတိုင်းကို ကျွန်တော်တို့ ကနေ သတိကြီးကြီးနဲ့ အလေးထား စောင့်ကြည့် အကဲခတ်နေပါတယ်။

မေး။ ။ ပြည်ပရောက် ကျောင်းသားခေါင်းဆောင်တွေ ပြည်တွင်းကို ပြန်လည်ဝင်ရောက် လာဖို့ အတွက်ရော ၈၈မျိုးဆက်ကျောင်းသားတွေ အနေနဲ့ ဆောင်ရွက်သွားဖို့ ရှိပါသလား။

ဖြေ။ ။ ပြည်ပရောက်ကျောင်းသားခေါင်းဆောင်တွေ ပြည်တွင်းကို ပြန်လည်ဝင်ရောက်လာဖို့ ဆောင်ရွက်ရမှာ ၈၈မျိုးဆက်ကျောင်းသားတွေ မဟုတ်ပါဘူး။ အစိုးရက ဆောင်ရွက်ရမှာ ပါ။ ကျွန်တော်တို့ က အမြန်ဆောင်ရွက်ပါလို့ ပဲ တိုက်တွန်းဖို့ ပဲရှိပါတယ်။ အခု လတ်တလောမှာ လည်း အစိုးရဘက်က ဆောင်ရွက်နေတဲ့ ခြေလှမ်းတွေ ကျွန်တော်တို့ မြင်နေရပါတယ်။ ဥပမာ- ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ပရောက် ကျောင်းသားခေါင်းဆောင်တွေ ပြန်လာနိုင်အောင် ကိုမိုးသီးဇွန်တို့ နဲ့ တွေ့ဆုံဆွေးနွေးနေတာ တွေ့မြင်နေရပါတယ်။ ပြည်ပရောက်နေတဲ့ ကျောင်းသားခေါင်းဆောင်တွေ ပြန်ပြီးတော့ ဝင်ရောက်လာဖို့ ဟာ သိပ်အရေးကြီးပါတယ်။ အချိန်မဆွဲစေချင်ပါဘူး

ကျွန်တော်မေးချင်တာကတော့ လတ်တလော ဒီလောက်ပါပဲ။ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**မြန်မာသံတော်ဆင့်၊ အတွဲ(၁)၊ အမှတ် (၁၂)၊ ၂၀၁၂၊ ဇွန်၊ ၈။**

(မှတ်ချက် - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ အစပိုင်းက တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ပြီး ဖော်ပြခွင့်မရခဲ့၍ ၄ လအကြာ ဇွန်လတွင် မှ ဖော်ပြခဲ့ခြင်းဖြစ်သည် ။ )




၂၀၁၂ ခုနှစ် ဇန်နဝါရီလက ပြုလုပ်သော
၈၈ မျိုးဆက်ကျောင်းသားများ၏သတင်းစာရှင်းလင်းပွဲ၌
အခြားကျောင်းသားခေါင်းဆောင်များနှင့်အတူ တွေ့ရစဉ်။

*